SBS

# Media Release

5 October 2021




**SBS Radio နှင့် ဘာသာစကားပေါင်းစုံ ဝန်ဆောင်မှု၏ အနာဂတ်ကို ပုံဖော်ရာတွင် အထောက်အကူပြုရန်အတွက် အများပြည်သူ၏ ဝေဖန်အကြံပြုချက်များ ပေးပို့ရန် SBS မှ ပန်ကြားခြင်း။**

ပြုပြင်ပြောင်းလဲမှုရှိလာသည့် ယနေ့ ဩစတြေးလျ၏ လိုအပ်ချက်အား SBS အနေဖြင့် ဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်ချက်၏ တစိတ်တပိုင်းအရ SBS သည် SBS Radio မှတဆင့် ပေးသည့် မိမိ၏ ဝန်ဆောင်မှုများကို ပုံမှန် ပြန်လည်ဆန်းစစ်လျက်ရှိပြီး ဒီကနေ့မှစတင်ကာ အများပြည်သူအနေနှင့် ရွေးချယ်မှုစံ သတ်မှတ်ချက်မူကြမ်း draft selection criteria အပေါ် အမြင်သဘောထားပေးပို့နိုင်ရန် ဖွင့်ပေးထား.fပါသည်။

SBS ၏ ဘာသာစကားပေါင်းစုံ ဝန်ဆောင်မှုကို ပြန်လည်ဆန်းစစ်ခြင်း The SBS Language Services Review ကို သန်းခေါင်စာရင်းကောက်ခံသည့်နှစ်နှင့် ကိုက်ညီအောင် ငါးနှစ်တွင် တစ်ကြိမ် ပြုလုပ်လျက်ရှိပြီး SBS Radio ဝန်ဆောင်မှုသည် အမြဲတစေ လျင်မြန်စွာ ပြောင်းလဲနေပြီး မတူကွဲပြားမှု များနေသည့် လူမှုအသိုင်းအဝိုင်းနှင့် ကိုက်ညီစေဖို့အတွက် ဆန်းစစ်ခြင်း ဖြစ်ပါသည်။

ရွေးချယ်မှုစံ သတ်မှတ်ချက်ကို ၂၀၂၁ ခုနှစ် သန်းခေါင်စာရင်း၏ အချက်အလက်နှင့် ယှဉ်ထိုးပြီး နောက် ၅ နှစ်အတွင်း မည်သည့် ဘာသာစကားဖြင့် ဝန်ဆောင်မှုပေးသင့်သည်၊ မည်သည့်ပုံစံဖြင့် ဝန်ဆောင်မှုပေးသင့်သည်ကို ဆုံးဖြတ်ချက် ချနိုင်ရန် ဖြစ်ပါသည်။

The Language Services Review ထဲတွင် ရေဒီယို၊ SBS On Demand၊ ပေါ့ကဒ်စ်နှင့် ဒီဂျစ်တယ် စသည့် အသံဆိုင်ရာနှင့် ဘာသာစကားဆိုင်ရာ ဝန်ဆောင်မှုများကိုလည်း ဆန်းစစ်မှုလုပ်မည် ဖြစ်ပါသည်။

အများပြည်သူများ သဘောထားများပေးပို့နိုင်ရန် ဒီကနေ့မှ စတင်ကာ ၆ ပတ်ကြာ ဖွင့်လှစ်ပေးထားပြီး ၂၀၂၁ ခုနှစ် နိုင်ဝင်ဘာလ ၁၂ ရက်နေ့တွင် အဆုံးသတ်မည် ဖြစ်သောကြောင့် အနာဂတ် SBS Radio ဝန်ဆောင်မှုများနှင့် အခြားသော ဝန်ဆောင်မှုများအတွက် ပါဝင်ကြရန် အရေးကြီးသော အခွင့်အလမ်းတစ်ရပ် ဖြစ်ပြီး ပေးပို့လာသည့် အမြင်သဘောထားများကိုလည်း ရွေးချယ်မှုစံ သတ်မှတ်ချက်အတွက် ဆုံးဖြတ်ချက်ချသည့်အခါ ထည့်သွင်းစဉ်းစားမှု လုပ်မည် ဖြစ်ပါသည်။

**Special Broadcasting Service**
14 Herbert Street, Artarmon NSW 2064 Australia sbs.com.au

SBS ၏ Audio and Language Content ဒါရိုက်တာ David Hua က

"SBS ရဲ့ထူးခြားတဲ့ အရည်အသွေးတစ်ခုကတော့ ဩစတြေးလျနိုင်ငံက လူမျိုးပေါင်းစုံ ဘာသာပေါင်းစုံ လူမှုအသိုင်းအဝိုင်းတွေဆီကို ဘာသာစကား ပေါင်းစုံ၊ နည်းလမ်းပေါင်းစုံနဲ့ အချက်အလက် ရောက်ရှိအောင်နဲ့ ချိတ်ဆက်ပေးနိုင်ခြင်း ဖြစ်ပါတယ်။ ရေဒီယို၊ အွန်လိုင်း၊ ပေါ့ကဒ်စ်နဲ့ app တွေကနေတဆင့် ဘာသာစကားပေါင်း ၆၀ ကျော်နဲ့ လူမှုအသိုင်းအဝိုင်းတွေကို ဆန်းသစ်ပြီး အဓိပ္ပာယ်ပြည့်ဝတဲ့ ဝန်ဆောင်မှုတွေနဲ့ အကျိုးပြုလာတာ အခုဆိုရင် နှစ်ပေါင်း ၄၅ နှစ်ကျော် ရှိသွားပြီ ဖြစ်ပါတယ်။  ဒီဆန်းစစ်မှုက SBS ရဲ့ဝန်ဆောင်မှု သက်တမ်း နှစ် ၅၀ ကို ပုံဖော်ရာမှာ အထောက်အကူပြုမှာ ဖြစ်ပါတယ်။"

"SBS ရဲ့ဘာသာစကားပေါင်းစုံ ဝန်ဆောင်မှုရဲ့အရေးပါမှုကို ကိုဗစ်-၁၉  ကပ်ရောဂါ ကာလအတွင်း တွေ့မြင်နိုင်ပြီး အရေးကြီးတဲ့ နောက်ဆုံးရအချက်အလက်နဲ့ ကျန်းမာရေးဆိုင်ရာ အချက်အလက်တွေကို ဆိုင်ရာဘာသာစကားနဲ့ လူမှုအသိုင်းအဝိုင်းတွေကို အသိပေးနိုင်ခဲ့ပါတယ်။ ဒီနေ့ ဩစတြေးလျ လူမှုအသိုင်းအဝိုင်းရဲ့လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ဖို့အတွက် The Language Services Review ဟာ အရေးကြီးတဲ့ အခွင့်အလမ်းတစ်ခု ဖြစ်ပါတယ်။"

"ဘာသာစကားပေါင်းစုံ ဝန်ဆောင်မှုကို ပုံမှန် ဆန်းစစ်ခြင်းအားဖြင့် SBS အနေနဲ့ လူဦးရေများတဲ့ လူမှုအသိုင်းအဝိုင်းကို ပိုမို ဝန်ဆောင်မှု ပေးနိုင်မှာ ဖြစ်သလို လူဦးရေ တဖြေးဖြေးများလာတဲ့ လူမှုအသိုင်းအဝိုင်းနဲ့ လိုအပ်မှုများတဲ့ ရိုးရာယဉ်ကျေးမှုနဲ့ ဘာသာစကားမတူတဲ့ လူမှုအသိုင်းအဝိုင်းတွေကို ပိုမိုဝန်ဆောင်မှုပေးနိုင်မှာ ဖြစ်ပါတယ်။ ဒီလို အရေးကြီးတဲ့လုပ်ငန်း လုပ်ဆောင်ရာမှာ ဩစတြေးလျတခွင်က ကျနော်တို့ ပရိတ်သတ်တွေရဲ့ အသံကို နားထောင်ဖို့အရေးကြီးပြီး အမြင်သဘောထားတွေကို ပေးပို့ကြဖို့ တိုက်တွန်းလိုပါတယ်။"

ရွေးချယ်မှုစံ သတ်မှတ်ချက်ကို ၂၀၂၂ ခုနှစ် မေလ နောက်ဆုံးထား လုပ်ဆောင်ရမည်ဖြစ်ပြီး ဆန်းစစ်မှုမှ ထွက်လာသည့် ဆုံးဖြတ်ချက်ကို ၂၀၂၂ ခုနှစ် မကုန်ခင် SBS ၏ ဘာသာပေါင်းစုံ ဝန်ဆောင်မှုမှ စတင်အကောင်အထည်ဖော်ရမည် ဖြစ်ပါသည်။

ရွေးချယ်မှုစံ သတ်မှတ်ချက်လုပ်ဆောင်ရာတွင် ပါဝင်ရန် အများပြည်သူများ၏ အမြင်သဘောထားအား အောက်တိုဘာလ ၅ ရက်မှ ၂၀၂၁ ခုနှစ် နိုဝင်ဘာလ ၁၂ ရက်နေ့အထိ ဖွင့်ပေးထားပါသည်။ ရွေးချယ်မှုစံ သတ်မှတ်ချက် မူကြမ်းကို လေ့လာရန်နှင့် မိမိ၏ အမြင်သဘောထားကို ပေးပို့လိုပါက sbs.com.au/consultation တွင် သွားရောက်နိုင်ပါသည်။

**Special Broadcasting Service**
14 Herbert Street, Artarmon  NSW 2064  Australia  sbs.com.au

နိဂုံး

အချက်အလက် ပိုမိုသိရန်နှင့် အင်တာဗျူးရန်အတွက် အောက်ပါပုဂ္ဂိုလ်ကို ဆက်သွယ်နိုင်သည်။

Kate Warnock | kate.warnock@sbs.com.au | 0419 316 135